ရုံးချုပ်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
## နေပြည်တော်

စာအမှတ်၊ ကလ(နပတ)၈၆၀ / ၂၀၁၅ / ၃၆၇

ရက်စွဲ၊၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

**"ရုံးအမိန့်အမှတ်၊ လုပ်ငန်း - ၃၇ /၂၀၁၅"**

အကြောင်းအရာ။ **Operator License ထုတ်ပေးရာတွင်စိစစ်ရမည့်အရည်အချင်း သတ်မှတ်ချက်များ ထုတ်ပြန်ခြင်း**

၁။ မဟာမဲခေါင်ဒေသခွဲအတွင်း လူနှင့် ကုန်စည်များ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင် သဘောတူစာချုပ်( Framework Agreement on the Facilitation of Cross Border Transport of Goods and People in the GMS - CBTA )၏ နောက်ဆက်တွဲနှင့် အခြေပြစာချုပ်ငယ်များ (၂၀)ခုအနက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနမှ တာဝန်ယူဆောင်ရွက်သည့် “နောက်ဆက်တွဲစာချုပ်ငယ်( ၉ ) - နယ်စပ် ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်သူများအတွက် လိုင်စင်ထုတ်ပေးရန် စံနှုန်းသတ်မှတ်ချက်များ”နှင့် “နောက်ဆက်တွဲစာချုပ်ငယ် (၁၀) ပို့ဆောင်ရေးဆိုင်ရာသတ်မှတ်ချက်များ”ကို (၃၁.၁.၂၀၁၂)ရက်နေ့တွင် စာချုပ်ဝင်နိုင်ငံများမှ လက်ခံ အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဦးစီးဌာန(ရုံးချုပ်)၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်နှင့်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ( လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန) ရုံးများသည် **လိုင်စင်ရယူလျှောက်ထားသူများအား International Operator License ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ နယ်စပ်ဖြတ်ကျော် လူနှင့် ကုန်စည်များ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်းဆောင်ရွက်ရန် စိစစ်ရာတွင် GMS-CBTA တွင် ပါရှိသည့် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ် ဆောင်ရွက်သွားရမည်** ဖြစ်ပါသည် -

(က) **အခြေခံအရည်အချင်းသတ်မှတ်ချက်**

(၁) သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် သက်ဆိုင်ရာမိခင်နိုင်ငံများတွင် လိုင်စင်ရယူရမည်။

(၂) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် သက်ဆိုင်ရာမိခင်နိုင်ငံမှ တရားဝင်လိုင်စင်ရရှိထားသော်လည်း GMS-CBTAနောက်ဆက်တွဲစာချုပ်ငယ်(၉) ပါ စည်းကမ်းသတ်မှတ်ချက်များအား ကိုက်ညီမှုမရှိသော်လည်း မိမိကိုယ်စား ထိရောက်စွာ စီမံခန့်ခွဲနိုင်သည့် အမြဲတမ်းတာဝန်ခံ ဆောင်ရွက်ရသူသည် လုံခြုံ စိတ်ချရမှု၊ လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှုတို့နှင့် ကိုက်ညီရမည် ဖြစ်ပါသည်။

(၃) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးအနေဖြင့်သတ်မှတ်စည်းကမ်းချက်များအား ဖြည့်ဆည်းပေးနိုင်မှုမရှိလျှင် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်အား ပြန်လည် ရုပ်သိမ်းရမည် ဖြစ်ပါသည်။

(ခ) **နိုင်ငံသားများ၏ ခိုင်မာသောပိုင်ဆိုင်မှု**

(၁) သယ်ယူပို့ဆောင်မှုလုပ်ငန်းအဖွဲ့တွင် သက်ဆိုင်ရာမိခင်နိုင်ငံ၏ နိုင်ငံသားများသည် ငွေလုံးငွေရင်း အနည်းဆုံး ထက်ဝက်ကျော် ပိုင်ဆိုင်ရမည်ဖြစ်ပါသည်။

(၂) အဆိုပါလုပ်ငန်း၏ အဓိကစီမံခန့်ခွဲမှုများကို နိုင်ငံသားများက စီမံခန့်ခွဲရမည်။

(ဂ) **လုံခြုံစိတ်ချရမှု**

(၁) နိုင်ငံတော်၏ တည်ဆဲစည်းမျဉ်း စည်းကမ်းများအား အကြိမ်ကြိမ် ချိုးဖောက်၍ ပြစ်ဒဏ်ကျခံရသူ မဖြစ်စေရ။

(၂) ကုန်းလမ်းပို့ဆောင်ရေးနယ်ပယ်၏ စည်းမျဉ်း စည်းကမ်းများကို ဖောက်ဖျက်ခြင်း ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း မပြုနိုင်စေရန် တားမြစ်ခံ ထားရသူ မဖြစ်စေရ။

(၃) ဒေဝါ လီခံထားရသူ၊ ကျွမ်းကျင်မှုအရည်အချင်းပြည့်ဝမှုမရှိသူ၊အခွင့်ထူးခံစားခွင့် မရှိသူ သို့မဟုတ် သက်ဆိုင်ရာနိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းများနှင့်အညီ သယ်ယူပို့ဆောင်သူအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများအား ဖြေရှင်းပေးနိုင်ရန် ပြန်လည်အခြေအနေ မပေးသူ သို့မဟုတ် ပြန်လည်ထူထောင်မှုမပြုနိုင်သူများ မဖြစ်စေရပါ။

(ဃ) **လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းပြည့်ဝမှု**

(၁) ကုန်းလမ်းသယ်ယူပို့ဆောင်ခြင်းနှင့်သက်ဆိုင်သည့် ဥပဒေဆိုင်ရာအချက်အလက် များ (ဥပမာ-စာချုပ်များ၊ သယ်ယူပို့ဆောင်သူများ၏ လုပ်ဆောင်ရန်တာဝန်များ၊ ကုမ္ပဏီဆိုင်ရာဥပဒေ၊ စာရင်းဆိုင်ရာဥပဒေ၊ အလုပ်သမားဆိုင်ရာဥပဒေ၊ အမြတ်ခွန် ဥပဒေ)

(၂) ပို့ဆောင်ရေးလုပ်ငန်းအားစီမံခန့်ခွဲနိုင်မှု (ဥပမာ - ကုန်ကျစရိတ်နှင့် ဈေးနှုန်းတွက်ချက်မှု၊ ငွေပေးချေမှုနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးများ၊ ဈေးနှုန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ အာမခံလုပ်ငန်း၊ ပို့ဆောင်ရေးကြားခံအဖွဲ့အစည်းများ၊ စီမံခန့်ခွဲမှုနည်းစနစ်များနှင့် ဈေးကွက်ရှာဖွေခြင်း)

(၃) ဈေးကွက်ဝင်ချောမွေ့ရေးအတွက် လိုအပ်ချက်များနှင့် အခြေအနေများ၊ လိုအပ်ပါက (ဥပမာ- လုပ်ငန်းကျွမ်းကျင်ချောမွေ့ရေး၊ ပို့ဆောင်ရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ၊ လွတ်လပ်စွာပြိုင်ဆိုင်ခြင်း၊ ပို့ဆောင်ပစ္စည်းများ စုပုံမနေအောင်ဆောင်ရွက်ခြင်း)

(၄) သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်သည့် နည်းပညာအချက်အလက်များ (ဥပမာ-ယာဉ်၏ အရွယ်အစားနှင့် အလေးချိန်၊ ယာဉ်ရွေးချယ်မှု၊ ယာဉ်များပြုပြင်ထိန်းသိမ်းမှု၊ ယာဉ်မှကုန်ပစ္စည်းများတင်/ချမှု၊ အန္တရာယ်ရှိပစ္စည်းများနှင့်ပုပ်သိုးရန်လွယ်ကူသောကုန်ပစ္စည်းများသယ်ဆောင်မှု၊ ကုန်ပစ္စည်းဖြင့် သယ်ယူပို့ဆောင်ရေးတွင် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်သည့် ကာကွယ်ရမည့် အခြေခံစည်းကမ်းများ)

(၅) ကုန်းလမ်းပို့ဆောင်ရေး လုံခြုံစိတ်ချရမှု (လမ်းစည်းကမ်းများ၊ ယာဉ်အန္တရာယ်မတော်တဆမှုများ ကာကွယ်ရေးနှင့် ကျဆင်းရေး )

(င) **ဘဏ္ဍာရေးခိုင်မာမှု**

(၁) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံခန့်ခွဲနိုင်မှုနှင့် အာမခံချက်ရရှိနိုင်ရေးအတွက် လုံလောက်သော ငွေကြေးဆိုင်ရာခိုင်လုံမှုရှိရပါမည်၊

(၂) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ငွေကြေးခိုင်မာမှုကို အကဲဖြတ်ရန်အတွက် အောက်ဖော်ပြပါ အချက်များဖြင့် စဉ်းစားသုံးသပ်နိုင်ပါသည်။ သယ်ယူပို့ဆောင်သူ၏ -

- ငွေစာရင်းလက်ကျန်ရှင်းတမ်းများ
- ပိုင်ဆိုင်သောပစ္စည်းများ
- ဘဏ်အပ်ငွေစာရင်း
- ဘဏ်ထောက်ခံချက်များနှင့် အာမခံပစ္စည်း။

(စ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအနေဖြင့် သယ်ယူပို့ဆောင်သူ၏ စာချုပ်ပါ သယ်ယူပို့ဆောင်ရမည့် ပစ္စည်းများအားလုံးအပေါ် အာမခံထားရှိရမည့်အချက်အား လုပ်ငန်းရှင်များက လိုက်နာရမည်ဖြစ်ပါသည်။

၃။ ဤရုံးအမိန့်အား လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားရန်ဖြစ်ပါသည်။

( ချစ်ကိုကို )
ညွှန်ကြားရေးမှူးချုပ်

၁။ **ရုံးချုပ်ရှိဌာနခွဲများအားလုံး။**

၂။ **ဦးစီးမှူး၊**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/တိုင်းဒေသကြီးရုံးခွဲ/ပြည်နယ်ရုံးခွဲ/**
**တွဲဖက်ပြည်နယ်ရုံး/ခရိုင်ရုံး..............၊..............မြို့။**

၃။ **ဦးစီးမှူး၊**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊**
**နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/တွဲဖက်ပြည်နယ်ရုံး/ခရိုင်ရုံး/မြို့နယ်ရုံး၊**
**.............၊..............မြို့။**

မိတ္တူကို -

(၁) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
(၂) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး/လုပ်ငန်း)။
(၃) ညွှန်ကြားရေးမှူး (စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။
(၄) အင်ဂျင်နီယာချုပ်။
(၅) ဒုတိယညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
(၆) လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
(၇) ရုံးအမိန့်စာတွဲ။
(၈) လက်ခံစာတွဲ။
(၉) မျှောစာတွဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
နေပြည်တော်

စာအမှတ်၊ ကလ(နပတ) ၈၆၀ / ၂၀၁၅ / ၃၇၁

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

**"ရုံးအမိန့်အမှတ်၊ လုပ်ငန်း- ၃၈ /၂၀၁၅"**

အကြောင်းအရာ။ **International Operator License ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းစဉ် အဆင့်ဆင့်အားသတ်မှတ်ခြင်း**

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံအချင်းချင်းနှင့်နိုင်ငံဖြတ်သန်း လူနှင့်ကုန်စည်များသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ စာချုပ်ဝင်နိုင်ငံများနှင့် သဘောတူညီချက်အတိုင်းဖြစ်စေရေး၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများအားလုံး International Operator License ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အကျွမ်းတဝင်ဖြစ်စေရေး၊ လုပ်ငန်းဆောင်ရွက်မှု တပြေးညီဖြစ်စေရေးတို့အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်အဆင့်ဆင့်အား သတ်မှတ်ထုတ်ပြန်လိုက်သည်–

(က) လျှောက်ထားခြင်း၊
(ခ) လျှောက်လွှာများစိစစ်ခြင်း၊
(ဂ) ရွေးချယ်ခြင်း၊
(ဃ) ယာဉ်စစ်ဆေးခြင်း၊
(င) Chipပါသောယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်များထုတ်ပေးခြင်း၊
(စ) လိုင်စင်ထုတ်ပေးခြင်း၊
(ဆ) လိုင်စင်ပါအချက်အလက်များပြင်ဆင်ခြင်း
(ဇ) Road Transport Permit ရယူနိုင်ရေးကိစ္စ။

**လျှောက်ထားခြင်း**

၂။ လုပ်ငန်းဆောင်ရွက်လိုကြောင်း လျှောက်ထားလာသော လုပ်ငန်းရှင်များ၏ လျှောက်လွှာများအား အောက်ဖော်ပြပါရုံးနေရာများတွင် လက်ခံဆောင်ရွက်ရမည် -

(က) ဦးစီးဌာန (ရုံးချုပ်)
(ခ) တိုင်းဒေသကြီး/ပြည်နယ်ရုံး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)
(ဂ) ခရိုင်/မြို့နယ်ရုံး၊ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)

၃။ လုပ်ငန်းရှင်များ၏ လျှောက်လွှာများကိုလက်ခံရရှိသောရုံးများသည်အောက်ပါလုပ်ငန်းစဉ်များ အတိုင်း ဆက်လက်ဆောင်ရွက်ရမည်-

(က) ခရိုင်/မြို့နယ်ရုံး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)များတွင် လျှောက်ထားသည့် လုပ်ငန်းရှင်များအား စာပိုဒ်(၄)ပါ အချက်များနှင့်အညီ စိစစ်၍ တိုင်းဒေသကြီး/ ပြည်နယ်ရုံး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ( လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန)သို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး/ ပြည်နယ်ရုံး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန ) များသည် မိမိထံတင်ပြလျှောက်ထားသည့် လျှောက်လွှာများအားလည်းကောင်း၊ ခရိုင်/ မြို့နယ်များမှ တင်ပြသည့် လျှောက်လွှာများအားလည်းကောင်း စာပိုဒ်(၄)ပါအချက်များနှင့်အညီစိစစ်၍ဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြရမည်။

(ဂ) ဦးစီးဌာန(ရုံးချုပ်)သည် မိမိထံတိုက်ရိုက်လိပ်မူ၍ လျှောက်ထားသည့်လျှောက်လွှာများအားလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)များမှတင်ပြသည့် လျှောက်လွှာများအားလည်းကောင်း စာပိုဒ်(၄)ပါအချက်များနှင့်အညီ စိစစ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

**လျှောက်လွှာများကိုစိစစ်ခြင်း**

၄။ ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး၊ခရိုင်ရုံး/မြို့နယ်ရုံးများသည် တင်ပြလာသည့် လျှောက်လွှာများအပေါ် အောက်ပါအတိုင်းစိစစ်ရမည် -

(က) လုပ်ငန်းရှင်များတင်ပြသည့် လျှောက်လွှာများတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရမည် -

(၁) နိုင်ငံသားများ၏ ခိုင်မာသောပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲနိုင်မှု၊

(၂) လုံခြုံစိတ်ချရမှုအတွက် ပြစ်ဒဏ်ကျခံနေသူမဖြစ်ကြောင်းသက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း မပြုစေရန် တားမြစ်ခံထားရသူမဟုတ်ကြောင်း ထောက်ခံချက်များ၊

(၃) လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းပြည့်ဝမှုအတွက် အကဲဖြတ်ရန် အချက်များ၊ (လက်ရှိသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ)

(၄) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထားများ၊ (ဘဏ်ငွေစုစာအုပ်၊ ဘဏ်ငွေစာရင်းရှင်းတမ်း၊ မြေ/အဆောက်အဦပိုင်ဆိုင်မှု)

(၅) အာမခံကိစ္စရပ်များ၊

(ခ) လုပ်ငန်းဆောင်ရွက်မည့်ယာဉ်နှင့်သက်ဆိုင်သည့်အချက်အလက်များ၊

(ဂ) ဆောင်ရွက်လိုသောလုပ်ငန်း( ကုန်စည်ပို့ဆောင်ရေး(သို့) ခရီးသည်ပို့ဆောင်ရေး (သို့) ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေး)

(ဃ) GMS – CBTA တွင်ပါရှိသည့် လိုင်စင်လျှောက်ထားသူများ၏ အရည်အချင်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ (၂၇.၁၀.၂၀၁၅)ရက်နေ့စွဲပါ စာအမှတ်၊ ကလ (နပတ)၈၆၀/၂၀၁၅/၃၆၇၊ "ရုံးအမိန့် အမှတ်၊ လုပ်ငန်း - ၃၇/ ၂၀၁၅"ဖြင့် သီးခြား ထုတ်ပြန်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

**ရွေးချယ်ခြင်း**

၅။ ဦးစီးဌာန၊ရုံးချုပ်(လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)သည်အောက်ပါ အချက်များကို ဆောင်ရွက်ရမည်-

(က) လိုင်စင်လျှောက်ထားသည့် လုပ်ငန်းရှင်များ၏ လျှောက်ထားတင်ပြသည့် အချက် အလက်များ၊ စာရွက်စာတမ်းများ၊ အရည်အချင်းများနှင့် ယာဉ်များအားစိစစ်၍ ဦးစီး ဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနမှ စိစစ်၍ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိသူများအား အတည်ပြု ရမည်။

(ဂ) သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုရှိပြီး အတည်ပြုချက်ရရှိသော လုပ်ငန်းရှင်များ ၏ သက်တမ်းရှိ မော်တော်ယာဉ်များအား သတ်မှတ်စံနှုန်းနှင့် ကိုက်ညီ၊ သင့်လျော်မှု ရှိ/မရှိယာဉ်စစ်ဆေးရန် လုပ်ငန်းရှင်တစ်ဦးချင်းနှင့်ယာဉ်စစ်ဆေးရေးဌာန(ရုံးချုပ်)သို့ စစ်ဆေးမည့်ယာဉ်များအား အကြောင်းကြားရမည်။

**ယာဉ်စစ်ဆေးခြင်း**

၆။ ယာဉ်စစ်ဆေးရေးဌာနများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာ ယာဉ်စစ်ဆေးမည့်ရုံးများသို့ ယာဉ်စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ရန် ကြိုတင်အကြောင်းကြားရမည်။

(ခ) လုပ်ငန်းဆောင်ရွက်မည့် လျှောက်လွှာပါ ယာဉ်များအားစက်ဖြင့် ယာဉ်စစ်ဆေးခြင်း ကို နေပြည်တော်/ ရွာသာကြီး/ မန္တလေး/ မော်လမြိုင်ရုံးများနှင့် နောင်တွင် ထပ်မံ သတ်မှတ်မည့်ရုံးများတွင် စစ်ဆေးခြင်းကိုဆောင်ရွက်စေရမည်။

(ဂ) အရည်အချင်းပြည့်မီသော ယာဉ်များအတွက် စစ်ဆေးချက်မှတ်တမ်းကို ယာဉ်ပိုင်ရှင်၊ ရုံးချုပ် ( ယာဉ်စစ်ဆေးရေးဌာနနှင့် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန )တို့သို့ ပေးပို့သွားရမည်။

**ယာဉ်မောင်းလိုင်စင်နှင့်ယာဉ်အကူလက်မှတ်များကိုChip ပါသည့် Smart Card များထုတ်ပေးခြင်း**

၇။ အောက်ပါ အချက်အလက်များနှင့်အတူ လျှောက်ထားရမည်-

(က) သက်တမ်းရှိ “င” ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်၊ မူရင်း/မိတ္တူ၊

(ခ) ဓါတ်ပုံ(၂)ပုံ၊

(ဂ) Operator License ရရှိသည့် ကုမ္ပဏီပိုင်ရှင်၏ တာဝန်ယူကြောင်းထောက်ခံချက်၊

**International Operator Licenseထုတ်ပေးခြင်း**

၈။ အောက်ဖော်ပြပါစာရွက်စာတမ်း၊ အချက်အလက်များပြည့်စုံစွာပါရှိရမည် -

(က) လျှောက်ထားသူအမည်၊ နေရပ်လိပ်စာ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်၊

(ဂ) ကုမ္ပဏီဖြစ်ပါကသက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်၊

(ဃ) မော်တော်ယာဉ်အသင်းအမည်၊

(င) ယာဉ်နှင့် သက်ဆိုင်သည့် အချက်အလက်များ-

(၁) သက်တမ်းရှိယာဉ်မှတ်ပုံတင်စာအုပ်၊

(၂) သက်တမ်းရှိ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊

(၃) သက်တမ်းရှိယာဉ်လုပ်ငန်းလိုင်စင် မိတ္တူ၊

(၄) ယာဉ်စစ်ဆေးချက်၊

(၅) အလုံးစုံအာမခံထားရှိကြောင်းအထောက်အထား(မိတ္တူ)၊

(စ) ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ပါကကိုယ်စားလှယ်လွှဲစာပါရှိရမည်။

**လိုင်စင်သက်တမ်း**

၉။ International Operator License ၏ သက်တမ်းကာလ ၁ နှစ်သည် ပြက္ခဒိန်နှစ်အတိုင်းဖြစ်ရမည်။ သက်တမ်းကုန်ဆုံးရက်သည် ဒီဇင်ဘာ(၃၁)ရက်နေ့ဖြစ်ရမည်။

**International Operator License အတွက် ကောက်ခံမည့်နှုန်းထားများ**

၁၀။ အောက်ပါနှုန်းထားများအတိုင်းနှစ်စဉ်ကြေးများကောက်ခံရမည်-

| စဉ် | လိုင်စင်ရရှိသူကကြီးကြပ်မည့် ယာဉ်စီးရေ | (၁)နှစ်အတွက်ကောက်ခံမည့် နှုန်းထား(ကျပ်) |
|---|---|---|
| (က) | (၁၀)စီးအထိ | ၁၀၀၀၀၀ိ/ |
| (ခ) | (၁၁)စီးမှ(၂၀)စီးအထိ | ၂၀၀၀၀၀ိ/ |
| (ဂ) | (၂၁)စီးနှင့်အထက် | ၃၀၀၀၀၀ိ/ |

၁၁။ နှစ်စဉ်ကြေးအပြင် ဦးစီးဌာနမှ သတ်မှတ်ထားသည့် မှတ်ပုံတင်အခနှုန်းထားများအတိုင်း ကောက်ခံရမည်။

၁၂။ ကောက်ခံသည့်ငွေများအားအောက်ပါငွေစာရင်းခေါင်းစဉ်များအတိုင်းစာရင်းရေးသွင်းရမည်-

(က) နှစ်စဉ်ကြေး၊ မှတ်ပုံတင်ကြေးများအား ၆-၄၊ လုပ်ငန်းလိုင်စင်ခ ငွေစာရင်းခေါင်းစဉ် အောက်၌ ပေးသွင်းရမည်။

( ခ ) လုပ်ငန်းလိုင်စင်ဆောင်ရွက်ရာတွင် အောက်ပါကိစ္စရပ်များအတွက် ၂-၁၁၊ အခြားရငွေ ငွေစာရင်းခေါင်းစဉ်အောက်၌ ပေးသွင်းရမည်-

(၁) အပိုင်း(၁)

(၂) အပိုင်း(၂)

(၃) စတေကာ

(၄) ပုံစံနှင့်စာရွက်စာတမ်း

( ဂ ) ပြောင်းလဲခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် အောက်ပါကိစ္စရပ်များအတွက် ၁၈၊ လုပ်ငန်းလိုင်စင်ဆောင်ရွက်ပေးမှုအတွက်ရငွေ ငွေစာရင်းခေါင်းစဉ်အောက်၌ ပေးသွင်း ရမည်-

(၁) ယာဉ်အစားထိုးခြင်း၊

(၂) ယာဉ်အမျိုးစားပြောင်းလဲခြင်း၊

(၃) လုပ်ငန်းရှင်အမည်ပြောင်းလဲခြင်း၊

(၄) ယာဉ်အင်အားတိုးချဲ့ခြင်း၊

(၅) လုပ်ငန်းဆက်လက်မလုပ်ကိုင်လိုခြင်း၊

**ထုတ်ပေးမည့်လိုင်စင်အမျိုးအစားများ**

၁၃။ International Operator License ကို အောက်ဖော်ပြပါအတိုင်း အမျိုးအစားခွဲခြား၍ ထုတ်ပေးရမည်-

(က) ကုန်စည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်

( ခ ) ခရီးသည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်(ခရီးစဉ်ရှိ)

( ဂ ) ခရီးသည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်(ခရီးစဉ်မရှိ)

**လိုင်စင်ပါအချက်အလက်များပြင်ဆင်ခြင်း**

၁၄။ International Operator License ရရှိသည့် လုပ်ငန်းရှင်များသည် လိုင်စင်ကို အောက်ပါအချက်များအား ပြင်ဆင်လိုပါက ဦးစီးဌာန (ရုံးချုပ်)သို့ လိပ်မူ၍လျှောက်ထားရမည် -

(က) ယာဉ်အစားထိုးခြင်း၊

(ခ) ယာဉ်အမျိုးစားပြောင်းလဲခြင်း၊

(ဂ) လုပ်ငန်းရှင်အမည်ပြောင်းလဲခြင်း၊

(ဃ) ယာဉ်အင်အားတိုးချဲ့ခြင်း၊

(င) လုပ်ငန်းဆက်လက်မလုပ်ကိုင်လိုခြင်း၊

**Operator License သက်တမ်းကုန်ဆုံး၍ ပြန်လည်လျှောက်ထားခြင်း**

၁၅။ လုပ်ငန်းဆောင်ရွက်နေစဉ်ရရှိထားသည့် လိုင်စင်သက်တမ်း တစ်ဆက်တစ်စပ်တည်း လုပ်ငန်းဆက်လက် ဆောင်ရွက်လိုပါက မူလလိုင်စင်သက်တမ်း မကုန်ဆုံးမီရက်ပေါင်း (၃၀) ကြိုတင်၍အသစ်ပြန်လည် လျှောက်ထားနိုင်သည်။

၁၆။ ခွင့်ပြုထားသည့် International Operator License သက်တမ်းကုန်ဆုံး၍ လုပ်ငန်းဆက်လက်ဆောင်ရွက်လိုပါက ဤလုပ်ငန်းစဉ်အဆင့်ဆင့်ပါအတိုင်း အသစ် ပြန်လည်လျှောက်ထားရမည်။

**လိုင်စင်အမှတ်သတ်မှတ်ခြင်း**

၁၇။ International Operator License ထုတ်ပေးရာတွင် လုပ်ငန်းလိုင်စင်အမှတ်များအား အောက်ပါအတိုင်း သတ်မှတ်ပါမည်-

| International Operator/ License | ခွင့်ပြုသည့်/ လုပ်ငန်းအမျိုးအစား | နံပါတ်စဉ်/ | လုပ်ငန်းလိုင်စင် ထုတ်ပေးသည့်ခုနှစ် |
|---|---|---|---|
| IOL(MYA) | / Cargo | / 0001 | / 2015 |
| IOL(MYA) | / P(Scheduled) | / 0001 | / 2015 |
| IOL(MYA) | / P(Non-Scheduled) | / 0001 | / 2015 |

၁၈။ လုပ်ငန်းလိုင်စင်နံပါတ်များအားပြက္ခဒိန်နှစ်အလိုက် ဦးစီးဌာနမှသတ်မှတ်ပေးရမည်။

**Road Transport Permit လျှောက်ထားရန်ကိစ္စ**

၁၉။ International Operator License ရရှိပြီးသောလုပ်ငန်းရှင်သည် အမျိုးသားကုန်းလမ်းသယ်ယူပို့ဆောင်မှုလျှင်မြန်ချောမွေ့စေရေးကော်မတီ (NTFC)သို့Road Transport Permit လျှောက်ထားစေရမည်။

၂၀။ ဤရုံးအမိန့်အား လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားပေးရန် ဖြစ်ပါသည်။

ပူးတွဲ - လျှောက်လွှာပုံစံ(နမူနာ) (၅)ရွက်

( ချစ်ကိုကို )
ညွှန်ကြားရေးမှူးချုပ်

၁။ ရုံးချုပ်ရှိဌာနခွဲများအားလုံး။

၂။ ဦးစီးမှူး၊
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/တိုင်းဒေသကြီးရုံးခွဲ/ပြည်နယ်ရုံးခွဲ/
တွဲဖက်ပြည်နယ်ရုံး/ခရိုင်ရုံး..............၊..............မြို့။

၃။ ဦးစီးမှူး၊
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊
နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/တွဲဖက်ပြည်နယ်ရုံး/ခရိုင်ရုံး၊မြို့နယ်ရုံး၊
..............၊..............မြို့။

မိတ္တူကို-

(၁) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)၊
(၂) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး/လုပ်ငန်း)။
(၃) ညွှန်ကြားရေးမှူး (စီမံ၊ ကမ်ဘ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။
(၄) အင်ဂျင်နီယာချုပ်။
(၅) ဒုတိယညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
(၆) လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
(၇) ရုံးအမိန့်စာတွဲ။
(၈) လက်ခံစာတွဲ။
(၉) မျှောစာတွဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

ရုံးချုပ်
နေပြည်တော်

စာအမှတ်၊ ကလ(နပတ)၈၆၀/ ၂၀၁၆ / ၁၀၆
ရက်စွဲ၊၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်

"ရုံးအမိန့်အမှတ်၊ လုပ်ငန်း - ၇/၂၀၁၆"

အကြောင်းအရာ။ International Operator License ထုတ်ပေးရာတွင် ကောက်ခံရမည့် နှုန်းထားများနှင့် ငွေစာရင်းခေါင်းစဉ်များ သတ်မှတ်ခြင်း

ရည် ညွှန်း ချက်။ (၁) ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၂.၇.၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၂/၄၂(ကညန)/၂၀၁၅(၃၃၈၃)
(၂) ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၄.၁၂.၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၂/၂၇(ကညန)/၂၀၁၅(၄၈၅၈)
(၃) ရုံးချုပ်၏ ၂၉.၁၀.၂၀၁၅ရက်စွဲပါစာအမှတ်၊ကလ(နပတ)၈၆၀/၂၀၁၅/၃၇၁၊ ရုံးအမိန့်အမှတ်၊ လုပ်ငန်း-၃၈/၂၀၁၅

၁။ International Operator License ထုတ်ပေးရေး လုပ်ငန်းဆောင်ရွက်ရာတွင် နှစ်စဉ်ကြေး၊ မှတ်ပုံတင်ကြေးနှင့် အခြားကောက်ခံ ရမည့်နှုန်းထားများအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန(ရုံးချုပ်)မှ အောက်ပါအတိုင်း ကောက်ခံရန် ဖြစ်ပါသည်-

(က) **နှစ်စဉ်ကြေး**

| **စဉ်** | **လိုင်စင်ရရှိသူက ကြီးကြပ်မည့်ယာဉ်စီးရေ** | **(၁)နှစ်အတွက်ကောက်ခံမည့် နှုန်းထား(ကျပ်)** | **ထည့်သွင်းရမည့် ငွေစာရင်းခေါင်းစဉ်** |
|---|---|---|---|
| (၁) | (၁၀)စီးအထိ | ၁၀၀၀၀၀ | ၆-၄၊ လုပ်ငန်းလိုင်စင်ခ |
| (၂) | (၁၁)စီးမှ(၂၀)စီးအထိ | ၂၀၀၀၀၀ | ၆-၄၊ လုပ်ငန်းလိုင်စင်ခ |
| (၃) | (၂၁)စီးနှင့်အထက် | ၃၀၀၀၀၀ | ၆-၄၊ လုပ်ငန်းလိုင်စင်ခ |

(ခ) **အခြားကောက်ခံမည့်နှုန်းထားများ**

| **စဉ်** | **အကြောင်းအရာ** | **ခွင့်ပြုနှုန်းထား (ကျပ်)** | **ထည့်သွင်းရမည့် ငွေစာရင်းခေါင်းစဉ်** |
|---|---|---|---|
| (၁) | မှတ်ပုံတင်ကြေး | ၁၀၀၀ | ၆-၄၊ လုပ်ငန်းလိုင်စင်ခ |
| (၂) | ပုံစံနှင့်စာရွက်စာတမ်းကြေး | ၂၀၀ | ၂၊၁၀၁၊ အခြားရငွေ |
| (၃) | အပိုင်း(၁) | ၂၀၀၀ | ၂၊၁၀၁၊ အခြားရငွေ |

| | | | |
|---|---|---|---|
| (၄) | အပိုင်း(၂) (တစ်စီးလျှင်) | ၁၀၀၀ | ၂၁၀၁၊ အခြားရငွေ |
| (၅) | လုပ်ငန်းဆောင်ရွက်မှုယာဉ်အမှတ်ပါ စာရွက်စာတမ်း(စတေကာ)(တစ်စီးလျှင်) | ၂၀၀၀ | ၂၁၀၁၊ အခြားရငွေ |
| (၆) | နိုင်ငံခွဲခြားအမှတ်အသား ဖော်ပြထားသည့်စတေကာ(တစ်စီးလျှင်) | ၁၅၀၀ | ၂၁၀၁၊ အခြားရငွေ |
| (၇) | လိုင်စင်ပါအချက်အလက်များ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း (တစ်မျိုးလျှင်) | ၅၀၀၀၀ | ၁၈၊လုပ်ငန်းလိုင်စင်ဆောင်ရွက် ပေးမှုအတွက်ရငွေ |

၂။ ဤရုံးအမိန့်ထုတ်ပြန်သည့်ရက်မှစ၍ စတင်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ချစ်ကိုကို)
ညွှန်ကြားရေးမှူးချုပ်

လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန

မိတ္တူ -

- ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
- ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး/လုပ်ငန်း)။
- ညွှန်ကြားရေးမှူး(စီမံ၊ ကဒ၊ ကမ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။
- အင်ဂျင်နီယာချုပ်။
- ဒုတိယညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
- လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
- ရုံးချုပ်ရှိဌာနခွဲများ။
- ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်/ တိုင်းဒေသကြီး / ပြည်နယ်/ တိုင်းဒေသကြီးရုံးခွဲ/ ပြည်နယ်ရုံးခွဲ/ တွဲဖက်ပြည်နယ်ရုံး/ ခရိုင်ရုံး --------------------- ၊ ---------------------------မြို့။
- ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန၊ နေပြည်တော်/ တိုင်းဒေသကြီး / ပြည်နယ်/ တွဲဖက်ပြည်နယ်ရုံး/ ခရိုင်ရုံး/မြို့နယ်ရုံး၊---------------------၊-------------------------မြို့။
- လက်ခံစာတွဲ။
- မျှောစာတွဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)

နေပြည်တော်

စာအမှတ်၊ကဥပ - ၃၃၈ (က) ၂၀၁၈/၄၆၈

ရက် စွဲ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

"ရုံးအမိန့်အမှတ်၊ လုပ်ငန်း-၂၅ /၂၀၁၈'

အကြောင်းအရာ။ International Operator License လျှောက်ထားရယူမည့် ယာဉ်များ ယာဉ်စစ်ဆေးပြီး မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းပြင်ဆင်ခြင်းကိစ္စ

ရည်ညွှန်းချက်။ (၁) ရုံးချုပ်၏(၂၉.၁၀.၂၀၁၅)ရက်စွဲပါစာအမှတ်၊ကလ(နပတ) ၈၆၀/၂၀၁၅/ ၃၇၁၊ ရုံးအမိန့်အမှတ်၊ လုပ်ငန်း-၃၈/၂၀၁၅

(၂) (၁၃.၂.၂၀၁၈) ရက်တွင် ကျင်းပပြုလုပ်သည့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ အမှတ်စဉ် (၂/၂၀၁၈)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံအချင်းချင်းနှင့် နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် International Operator License များအား နှစ်စဉ် ဒီဇင်ဘာလ (၃၁) ရက်တွင်သက်တမ်း ကုန်ဆုံးစေပြီး လိုင်စင်ထုတ်ပေးခြင်း ဆောင်ရွက်လျက်ရှိရာတွင် အဆိုပါယာဉ်များအား ကြံ့ခိုင်မှု သတ်မှတ်စံချိန်စံညွှန်းနှင့်ညီညွတ်စေရန် Multi Stage Test Lane များဖြင့် ယာဉ်စစ်ဆေးခြင်းဆောင်ရွက်ရန် ရည်ညွှန်း(၁)ပါစာဖြင့် ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ IOL လျှောက်ထားယာဉ်များမှာ နှစ်စဉ်နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် တင်ပြလျှောက်ထား လေ့ရှိရာ အဆိုပါတင်ပြယာဉ်များအား IOL ရယူရေးအတွက် ယာဉ်စစ်ဆေးရခြင်း၊ ၎င်းယာဉ်များ နှစ်လဲသက်တမ်းတိုးရာတွင်လည်း တစ်ဖန်ထပ်မံ၍ ယာဉ်စစ်ဆေးနေရခြင်းတို့ကြောင့် တစ်နှစ် အတွင်း ယာဉ်စစ်ဆေးမှု (၂) ကြိမ် ပြုလုပ်နေရသဖြင့် IOL လျှောက်ထားလာသည့် ယာဉ်များ၏ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးရက်ကို တစ်ပြေးညီဖြစ်စေရေးအတွက် ဒီဇင်ဘာလ (၃၁) ရက်သို့ ပြောင်းလဲသတ်မှတ်ရန် ရည်ညွှန်း (၂) ပါအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပါသည်။

၃။ သို့ဖြစ်ပါ၍ IOL လျှောက်ထားမည့် မော်တော်ယာဉ်များ၏ မှတ်ပုံတင်သက်တမ်း ပြောင်းလဲခြင်း ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်ရုံးများအနေဖြင့် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရန် ညွှန်ကြားပါသည်-

(က) IOL သက်တမ်းကုန်ဆုံးရက်သည် ဒီဇင်ဘာလ (၃၁) ရက်ဖြစ်သဖြင့် လျှောက်ထား ရယူမည့်ယာဉ်များအား Multi Stage Test Lane ရှိသော ရုံးများတွင် ယာဉ် စစ်ဆေးပြီးနောက် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) သက်တမ်းကုန်ဆုံး ရက်အား IOL သက်တမ်းကုန်ဆုံးရက်ဖြစ်သော ဒီဇင်ဘာလ (၃၁) ရက်သို့ ပြင်ဆင်ပေးရန်၊

(ခ) Multi Stage Test Lane ဖြင့် စစ်ဆေးသည့်ရုံးများမှ ယာဉ်စစ်ဆေးချက် မှတ်တမ်းမိတ္တူကို ရုံးချုပ်သို့ပေးပို့ရန်နှင့် မူရင်းအား သက်ဆိုင်ရာမှတ်ပုံတင်ရုံး များသို့ သက်တမ်း ပြင်ဆင်စေရန်အတွက် ပေးပို့ရန်၊

(ဂ) သက်ဆိုင်ရာ မှတ်ပုံတင်ရုံးများမှ သက်တမ်းပြင်ဆင်ပြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနရုံးများသို့ လုပ်ငန်းလိုင်စင် သက်တမ်း ပြင်ဆင်စေရန်အတွက် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)အား ဆက်လက် လွှဲပြောင်းပေးပို့ရန်၊

(ဃ) မှတ်ပုံတင်သက်တမ်း ဇန်နဝါရီလမှ ဇွန်လအထိ ကုန်ဆုံးမည့်ယာဉ်များအား လက်ရှိနှစ်၏ ဒီဇင်ဘာလ (၃၁) ရက်အထိ သက်တမ်းတိုး ဆောင်ရွက်ပေးရန်၊ ဇူလိုင်လမှ ဒီဇင်ဘာလအထိ သက်တမ်းကုန်ဆုံးမည့်ယာဉ်များအား နောင်နှစ် ဒီဇင်ဘာလ (၃၁) ရက်အထိ သက်တမ်းတိုးပေးရန်၊

ဥပမာ - ကုန်ဆုံးရက် ၁/၁၈ မှ ၆/၁၈ ထိ ⟶ ပေးမည့်သက်တမ်း ၁၂/၁၈
ကုန်ဆုံးရက် ၇/၁၈ မှ ၁၂/၁၈ ထိ ⟶ ပေးမည့်သက်တမ်း ၁၂/၁၉

(င) IOL ဆောင်ရွက်သည့် Tractor Head နှင့် ချိတ်ဆွဲထားသည့် နောက်တွဲယာဉ် သက်သေခံလက်မှတ်၏ သက်တမ်းကိုလည်း Tractor Head သက်တမ်းကုန်ဆုံး ရက်အတိုင်း ပြင်ဆင်သတ်မှတ်ပေးရန်၊

(စ) ယာဉ်မှတ်ပုံတင်သက်တမ်း ပြင်ဆင်ခြင်းအတွက် မှတ်ပုံတင်အခွန်များ ကောက်ခံ ရာတွင် တစ်ပြေးညီဖြစ်စေရန်၊ မည်သည့်ကုန်ဆုံးရက်မဆို မှတ်ပုံတင်အခွန်နှင့် သူတစ်ပါးထိခိုက်မှု အာမခံကြေးအား (၁) နှစ်စာသာ ကောက်ခံသွားရန်။

၄။ ဤရုံးအမိန့်အား လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားပေး ရန် ဖြစ်ပါသည်။

၁၈.၂.၁၈

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(သိမ်းထွဋ်၊ ညွှန်ကြားရေးမှူး)

၁။ **ရုံးချုပ်ရှိဌာနခွဲများအားလုံး။**

၂။ **ဦးစီးမှူး၊**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/တိုင်းဒေသကြီးရုံးခွဲ/ပြည်နယ်ရုံးခွဲ/**
**တွဲဖက်ပြည်နယ်ရုံး/ခရိုင်ရုံး. . . . . . . . . . . . . . .၊ . . . . . . . . . . . . . . .မြို့။**

၃။ **ဦးစီးမှူး၊**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊**
**နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/တွဲဖက်ပြည်နယ်ရုံး/ခရိုင်ရုံး၊မြို့နယ်ရုံး၊**
**. . . . . . . . . . . . . . .၊. . . . . . . . . . . . . . .မြို့။**

မိတ္တူကို

(၁) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
(၂) ဒုတိယညွှန်ကြားရေးမှူးချုပ်။
(၃) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း။
(၄) ညွှန်ကြားရေးမှူး(စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။
(၅) အင်ဂျင်နီယာချုပ်။
(၆) ဒုတိယညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
(၇) လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
(၈) ရုံးအမိန့်စာတွဲ။
(၉) လက်ခံစာတွဲ။
(၁၀) မျှောစာတွဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

စာအမှတ်၊ ကလ(နပတ)၈၆၀/ ၂၀၁၈/ ၂၂၂

ရက် စွဲ ၊၂၀၁၈ ခုနှစ် ၊ မေ လ ၃၁ ရက်

**ရုံးအမိန့်အမှတ်၊လုပ်ငန်း- ၁၅ /၂၀၁၈**

အကြောင်းအရာ။ **နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ကုန်စည်ပို့ဆောင်မှုနှင့်ပတ်သက်၍ တရားစွဲဆိုပိုင်ခွင့်ရှိသော နေရာဒေသများ ထုတ်ပြန်ခြင်း။**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံအချင်းချင်းနှင့် နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် International Operator License များအား ထုတ်ပေးနိုင်ရေးအတွက် GMS-CBTA တွင်ပါရှိသည့် စိစစ်ရမည့်အရည်အချင်း သတ်မှတ်ချက်များ ထုတ်ပြန်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ကောက်ခံရမည့်အခနှုန်းထားသတ်မှတ်ခြင်း၊ လုပ်ငန်းစဉ် အဆင့်ဆင့် သတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ အကျွမ်းတဝင်ဖြစ်ရေး၊ လုပ်ငန်းဆောင်ရွက်မှု တပြေးညီ ဖြစ်စေရေးတို့အတွက် ညွှန်ကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ကုန်စည်ပျက်စီးဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျော်ကြေး တောင်းဆိုခြင်းနှင့် စပ်လျဉ်း၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၇၄ နှင့် ၇၅ တို့အရ စာချုပ်ဝင် နိုင်ငံတစ်နိုင်ငံ၏ အောက်ဖော်ပြပါ နေရာဒေသတစ်ခုခုရှိ စီရင်ပိုင်ခွင့် ရှိသော တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိပြီး လျော်ကြေးတောင်းဆိုရာတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တရားလိုနှင့် တရားပြိုင်တို့ နှစ်ဦး သဘောတူညီမှုအရ အနုညာတခုံသမာဓိဖြင့် ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်-

(က) ကုန်စည်စတင်သယ်ဆောင်သည့် နေရာဒေသ သို့မဟုတ် သွားရောက်သည့် ခရီးစဉ် အဆုံးနေရာဒေသ၊

(ခ) ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို သိရှိလျှင် ထိုသို့သိရှိသည့်နေရာဒေသ၊

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ အဓိကပင်မစီးပွားရေးလုပ်ငန်း တည်ရှိရာ နေရာဒေသ၊

(ဃ) လျှော်ကြေးတောင်းဆိုသည့်တရားလို အမြဲတမ်းနေထိုင်သည့် နေရာဒေသ၊

(င) အပိုဒ်(က) မှ (ဃ) အထိပါရှိသော နေရာဒေသ တစ်ခုခုအနက် တရားလိုနှင့် တရားပြိုင်တို့ နှစ်ဦးသဘောတူသည့် နေရာဒေသ။

၃။ လက်အောက်ခံရုံးများအနေဖြင့် မိမိဒေသရှိ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းများအား လျှော်ကြေးတောင်းဆိုခြင်းနှင့်ပတ်သက်၍ တရားစွဲဆိုပိုင်ခွင့်ရှိသောနေရာဒေသ သတ်မှတ်ထားရှိမှုအား ရှင်းလင်းအသိပေးဆောင်ရွက်သွားရန်အကြောင်းကြားပါသည်။

၄။ ဤရုံးအမိန့်အား လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားပေးရန်ဖြစ်ပါသည်။

၃၁.၅

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(နေဝင်း၊ ညွှန်ကြားရေးမှူး)

၁။ ရုံးချုပ်ရှိဌာနခွဲများအားလုံး။
၂။ ဦးစီးမှူး၊
တုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/တိုင်းဒေသကြီးရုံးခွဲ/ပြည်နယ်ရုံးခွဲ/
တွဲဖက်ပြည်နယ်ရုံး/ခရိုင်ရုံး..............................မြို့။
၃။ ဦးစီးမှူး၊
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊
နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/တွဲဖက်ပြည်နယ်ရုံး/ခရိုင်ရုံး၊မြို့နယ်ရုံး၊
..............................မြို့။

မိတ္တူကို

(၁) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
(၂) ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)။
(၃) ညွှန်ကြားရေးမှူး(စီမံ၊ကမ၊တဒ၊ဘဏ္ဍာရေး၊ကွန်ပျူတာ၊ကလ)။
(၄) အင်ဂျင်နီယာချုပ်။
(၅) ဒုတိယညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
(၆) လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး။
(၇) ရုံးအမိန့်စာတွဲ။
(၈) လက်ခံစာတွဲ။
(၉) မျှောစာတွဲ။

သို့
To

ညွှန်ကြားရေးမှူးချုပ်
Director General
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
Road Transport Administration Department (Headquarter)
နေပြည်တော်
Nay Pyi Taw

ရက်စွဲ ၊
Date :

အကြောင်းအရာ။ **နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ခွင့်လျှောက်ထားခြင်း**
**Subject : Application for Cross-Border Transport Operation**

၁။ ကျွန်တော်/ကျွန်မသည် နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား လုပ်ကိုင် ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရေးအတွက် အောက်ပါစာရွက်စာတမ်း အချက်အလက်များနှင့်အတူတင်ပြ လျှောက်ထားအပ်ပါသည်-

1. I wish to apply for Cross-Border transport Operator's license with the necessary documents attached:

(က) လျှောက်ထားသူအမည် -
(a) Applicant Name -
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် -
(b) Citizenship Identity Card No. -
(ဂ) ဆက်သွယ်ရန်လိပ်စာ
(c) Address
(၁) အိမ်အမှတ်/အဆောက်အဦအမှတ် -
(1) House No/ Building No. -
(၂) အခန်းအမှတ် -
(2) Room No. -
(၃) လမ်းအမည် -
(3) Road/ Street Name -
(၄) ရပ်ကွက်အမည် -
(4) Quarter Name -
(၅) မြို့နယ် -
(5) Township Name -

(၆) အိမ်ယာ/ကွန်ဒို/ရိပ်သာအမည် -

(6) The name of housing/condominium/venue-

(၇) တယ်လီဖုန်းနံပါတ် -

(7) Telephone No. -

(၈) ဖက်(စ်)နံပါတ် -

(8) Fax No.

(ဃ) ကုမ္ပဏီ/ အဖွဲ့အစည်းအမည် -

(d) Name of Company/Organization -

(င) ကုမ္ပဏီ/အဖွဲ့အစည်းမှတ်ပုံတင်အမှတ် -

(e) Company/Organization Registration No. -

(စ) ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား -
(ကုန်စည်/ ခရီးသည်)

(f) Type of Operation -
(Goods / passenger)

(ဆ) လုပ်ငန်းဆောင်ရွက်မည့်ယာဉ် -

(g) Operation Vehicle -

(၁) ယာဉ်မှတ်ပုံတင်အမှတ် -

(1) Vehicle Registration No. -

(၂) ယာဉ်ပိုင်ရှင်အမည် -

(2) Owner's Name -

(၃) အမျိုးအမည် -

(3) Name of Vehicle

(၄) အမျိုးအစား -

(4) Type of Vehicle -

(၅) ခွင့်ပြုတင်အား/ ဦးရေ -

(5) Permitted tonnage/ -
Capacity of Passenger

(၆) ကုန်ဆုံးမည့်ရက်စွဲ -

(6) Date of Expiring -

**(တစ်စီးထက်ပိုပါကပူးတွဲဇယားဖြင့် ဖော်ပြရန်)**

**(If more than one vehicle, describe with attachment table)**

(ဇ) လုပ်ငန်းဆောင်ရွက်မည့် ယာဉ်စီးရေ -

(h) Number of Operation Vehicle -

(ဈ) ယာဉ်မောင်းဆိုင်ရာအချက်အလက် -

(i) Data of Driver

(၁) ပြည်တွင်းမှ ယာဉ်မောင်းအရေအတွက်- ဦး

(1) Number of Domestic Driver - person/s

(အသေးစိတ်အချက်အလက်များပူးတွဲဖေယားဖြင့်ဖော်ပြရန်)

( to describe detail data)

(၂) ပြည်ပမှ ယာဉ်မောင်းအရေအတွက် -

(2) Number of External Driver -

(ည) သွားရောက်လိုသည့်ခရီးစဉ်/နေရာဒေသ -

(j) Itinerary/ Place

(၁) ပို့ဆောင်ရေးလုပ်ငန်း -

ဆောင်ရွက်လိုသည့် နိုင်ငံ/နိုင်ငံများ

(1) Country/ Countries to perform

International transport operations -

(၂) သယ်ယူပို့ဆောင်မှုအမျိုးအစား

- နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်မှု-

Inter-State Transport

- ဖြတ်သန်းသယ်ယူပို့ဆောင်မှု -

Transit Transport

(၃) သတ်မှတ်ထားသည့် ပြေးဆွဲမည့် လမ်းကြောင်းများ

(3) Designation of Routes

- နယ်စပ်ဂိတ်အမည် -

Border Gate's Name

- ထွက်ခွာသည့်နေရာ -

Place of Departure

- ခရီးဆုံးသည့်နေရာ -

Place of Destination

- ပြေးဆွဲမည့်လမ်းကြောင်းများ -

Routes

(ဠ) ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ

(k) Attached Documents

(၁) ယာဉ်နှင့်ယာဉ်ပိုင်ရှင်အချက်အလက်များပါသောမော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်

(1) Vehicle Registration Certificate with the Data of Vehicle and its Owner

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)

(2) Citizenship Identity Card and Household Registration List

(၃) လိုင်စင်ဓါတ်ပုံ(၂)ပုံ

(3) Operator's (2)passport photos

(၄) ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထား

(4) Document for Substantial Ownership

(၅) ပြစ်မှု၊ ပြစ်ဒဏ် ကင်းရှင်းမှုအထောက်အထား

(5) Document for free from criminal offenses

(၆) လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာအထောက်အထား

(6) Document for professional competence

(၇) ဘဏ္ဍာရေးခိုင်မာမှုအထောက်အထား

(7) Document for Financial Solvency

၂။ တင်ပြပါ အချက်အလက် စာရွက်စာတမ်းများ မှန်ကန်မှုရှိကြောင်းနှင့် သတ်မှတ်စည်းကမ်းများ အတိုင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ပါကြောင်းဝန်ခံကတိပြုပါသည်။

2. I promise that the above documents are authentic and I shall undertake the operation by designated conditions.

လက်မှတ် -

Signature -

လျှောက်ထားသူအမည် -

Applicant Name -

နိုင်ငံသားစိစစ်ရေးကတ်အမှတ် -

Citizenship Identity Card No. -

နေရပ်လိပ်စာ -

Address -

ဆက်သွယ်ရန်ဖုန်း -

Phone No. -

အီးမေး -

e-mail -

# Transport Operator သို့ ထုတ်ပေးမည့် လုပ်ငန်းလိုင်စင် အပိုင်း(၁)ပုံစံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
The Republic of the Union of Myanmar
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
Ministry of Transport and Communications
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
Road Transport Administration Department
နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
**Cross-Border Transport Operation**
ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်
**Transport Operator License**
အပိုင်း(၁)
**Part (1)**

# Transport Operator သို့ ထုတ်ပေးမည့် လုပ်ငန်းလိုင်စင် အပိုင်း(၂)ပုံစံ

**အများမြင်သာစေရန် သက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်တွင် ပြသထားရမည်။**

-3-

လိုက်နာရမည့်စည်းကမ်းများ

**Conditions**

( ၁ ) ဤပို့ဆောင်မှုလိုင်စင်အားယာဉ်နှင့်အတူထားရှိရမည်။

( 1 ) This Operation License shall accompany vehicle.

( ၂ ) လိုင်စင်သက်တမ်းကျော်လွန်သုံးစွဲခွင့်မပြုပါ။

( 2 ) License isn't allowed to be unvalid.

( ၃ ) သက်တမ်းမကုန်ဆုံးမီရက်(၃၀)ကြိုတင်၍အသစ်လဲလှယ်ရမည်။

( 3 ) License shall be exchanged in advance 30 days before expiry.

( ၄ ) တာဝန်ရှိသူမှစစ်ဆေးသည့်အခါပြသနိုင်ရမည်။

( 4 ) When responsible person inspects license, it can be displayed.

( ၅ ) မည်သည့်အကြောင်းနှင့်မျှအခြားသူ/ယာဉ်များအားလွှဲပြောင်းသုံးစွဲခွင့်မပြုပါ။

( 5 ) Other People/Vehicles are not permitted to transfer with any matter.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**The Republic of the Union of Myanmar**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

Ministry of Transport and Communications

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**Road Transport Administration Department**

နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်း

**Cross-Border Transport Operation**

ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်

**Transport Operation License**

အပိုင်း-၂

**Part-2**

ယာဉ်မှတ်ပုံတင်အမှတ်

Vehicle Registration No.-

လိုင်စင်အမှတ်

License No.-

# Transport Operator သို့ ထုတ်ပေးမည့် ယာဉ်အမှတ်ပါစတေကာပုံစံ

**သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၏ ရှေ့ လေကာမှန်အတွင်း ဝဲဘက်အပေါ်ထောင့်တွင် ကပ်ထားရမည်။**



## Transport Operator  သို့ ထုတ်ပေးမည့်  နိုင်ငံအမှတ်အသားပါ စတေကာပုံစံ

သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ နောက် အလယ်တည့်တည့်တွင် ကပ်ထားရမည်။

